ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၅ ခုနှစ် ၊ ချင်းပြည်နယ်၏
# ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

၂၀၁၅ ခုနှစ်၊ ချင်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

( ၂၀၁၅ ခုနှစ်၊ ချင်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၂။ )

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃ ရက် )

ချင်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁

## အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၅ ခုနှစ်၊ ချင်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါပြဋ္ဌာန်းချက်များသည် ၂၀၁၅–၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂

## ပြည်နယ်အစိုးရအဖွဲ့ ၊ ပြည်နယ်လွှတ်တော် ၊ ပြည်နယ်တရားလွှတ်တော် ၊ ပြည်နယ်ဥပဒေချုပ် ၊ ပြည်နယ်စာရင်းစစ်ချုပ် ၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

၂။ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော် ၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ် ၊ ပြည်နယ်စာရင်းစစ်ချုပ် ၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်၏ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) ပြည်နယ်အစိုးရအဖွဲ့ ၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃)နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကိုစီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ၊ ရသော ရငွေများနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၅–၂၀၁၆ ခုနှစ်အတွက်ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲရန် လိုအပ်ပါက ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲနိုင်သည်။ ထိုသို့ငွေများ လွှဲပြောင်းသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၅–၂၀၁၆ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန် သော်လည်းကောင်း ၊ ရင်းနှီးမြှုပ်နှံရန် သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့် ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူ ဆောင်ရွက်နိုင်သည်။

၅။ ပုဒ်မ ၂ ပါ ဌာနအဖွဲ့အစည်းများသည် မိမိတို့နှင့် သက်ဆိုင်သောတည်ဆဲဥပဒေများ၊ နည်းဥပဒေများ ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ ၊ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၃

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

၆။ ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည်ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၇။ (က) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) တွင် မိမိနှင့် ယှဉ်တွဲ ဖော်ပြထားသည့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) သုံးငွေ များကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၈။ ပြည်နယ်အစိုးရအဖွဲ့သည်ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ ဤဥပဒေ၏ ဇယား (၅) တွင် ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲရန် လိုအပ်ပါက စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ ထိုသို့ သုံးငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၅–၂၀၁၆ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်း ဖော်ပြရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ...

ဝန်ကြီးချုပ်

ချင်းပြည်နယ်အစိုးရအဖွဲ့

## ပြည်နယ်အစိုးရအဖွဲ့ ၊ ပြည်နယ်လွှတ်တော် ၊ ပြည်နယ်တရားလွှတ်တော် ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့ အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ကြွေးမြီ | | အဖွဲ့ အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
| | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၀. ၀၅၅ | | | ၃၉၉၀. ၀၀၀ | | | | ၃၉၉၀. ၀၅၅ |
| ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | | | | | | | |
| ၃ | ပြည်နယ်တရားလွှတ်တော် | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၅. ၄၄၁ | | | | | | | ၅. ၄၄၁ |
| ၄ | ပြည်နယ်ဥပဒေချုပ် | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | | | ၀. ၁၀၀ | | | | | | | ၀. ၁၀၀ |
| ၅ | ပြည်နယ်စာရင်းစစ်ချုပ် | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀. ၀၄၀ | | | | | | | ၀. ၀၄၀ |
| | ပေါင်း | | | | ၅. ၆၃၆ | | | ၃၉၉၀. ၀၀၀ | | | | ၃၉၉၅. ၆၃၆ |

## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၆၄၄. ၈၈၄ | | ၉၉၀. ၀၀၀ | ၁၁၄၂၅. ၆၆၀ | | | | ၁၃၀၆၀. ၅၄၄ |
| ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၁၉၄. ၁၁၃ | | | ၂၃၅. ၀၀၀ | | | | ၄၂၉. ၁၁၃ |
| ၃ | ပြည်နယ်တရားလွှတ်တော် | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၅၁. ၅၆၄ | | | ၂၉. ၀၀၀ | | | | ၈၀. ၅၆၄ |
| ၄ | ပြည်နယ်ဥပဒေချုပ် | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | ၃၉၃. ၂၀၁ | | | ၁၂၅. ၀၀၀ | | | | ၅၁၈. ၂၀၁ |
| ၅ | ပြည်နယ်စာရင်းစစ်ချုပ် | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၉၇၄. ၄၀၄ | | | ၁၄၈. ၀၀၅ | | | | ၁၁၂၂. ၄၀၉ |
| | ပေါင်း | | ၂၂၅၈. ၁၆၆ | | ၉၉၀. ၀၀၀ | ၁၁၉၆၂. ၆၆၅ | | | | ၁၅၂၂၀. ၈၃၁ |

## ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | ရငွေများ - ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | ရငွေများ - အခြားသာမန်ရငွေ | ရငွေများ - အတိုးရငွေ | ရငွေများ - ငွေလုံးငွေရင်းရငွေ | ရငွေများ - ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ရငွေများ - ကြွေးမြီ - ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ရငွေများ - ကြွေးမြီ - ချေးယူရငွေ | ရငွေများ - အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | ရငွေများ - စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ပြည်တွင်းထုတ်ကုန်နှင့်ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် တွင်ကောက်ခံသည့် အခွန်အကောက် | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၄၉. ၁၀၅ | | | | | | | | | ၄၉. ၁၀၅ |
| | ၁ ယစ်မျိုးခွန် | | ၄၉. ၁၀၅ | | | | | | | | | ၄၉. ၁၀၅ |
| ၂ | နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ် ကောက်ခံသည့် အခွန်အကောက် | -၄င်း- | ၈၂. ၆၃၂ | | | | | | | | | ၈၂. ၆၃၂ |
| | ၁ မြေယာပေါ် တွင်ကောက်ခံသည့်အခွန် | | ၀. ၇၆၆ | | | | | | | | | ၀. ၇၆၆ |
| | ၂ သစ်တောများမှ ပစ္စည်းများထုတ်ယူသည့် အတွက် ကောက်ခံသည့် အခွန် | | ၆၁. ၇၆၂ | | | | | | | | | ၆၁. ၇၆၂ |
| | ၃ ဓါတ်သတ္တုပစ္စည်းများ ထုတ်ယူသည့် အတွက် ကောက်ခံသည့် အခွန် | | ၂၀. ၀၀၀ | | | | | | | | | ၂၀. ၀၀၀ |
| | ၄ အင်းအိုင်ခွန် | | ၀. ၁၀၄ | | | | | | | | | ၀. ၁၀၄ |
| ၃ | စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန် | -၄င်း- | ၉၁. ၀၈၀ | | | | | | | | | ၉၁. ၀၈၀ |
| | ၁ ပစ္စည်းခွန် | | ၈၅. ၀၃၃ | | | | | | | | | ၈၅. ၀၃၃ |
| | ၂ ဘီးခွန် | | ၆. ၀၄၇ | | | | | | | | | ၆. ၀၄၇ |

## ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)။ ။အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၄ | | ပြည်ထဲရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၁. ၅၈၆ | | | | | | | ၁. ၅၈၆ |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၁. ၅၃၇ | | | | | | | ၁. ၅၃၇ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀. ၀၃၄ | | | | | | | ၀. ၀၃၄ |
| | ၃ | မီးသတ်ဦးစီးဌာန | | | | ၀. ၀၁၅ | | | | | | | ၀. ၀၁၅ |
| ၅ | | ပြန်ကြားရေး | ၎င်း | | | ၀. ၁၀၀ | | | | | | | ၀. ၁၀၀ |
| | ၁ | မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | | | | ၀. ၁၀၀ | | | | | | | ၀. ၁၀၀ |
| ၆ | | သမဝါယမ | ၎င်း | | | ၁. ၇၄၂ | | | | | | | ၁. ၇၄၂ |
| | ၁ | သမဝါယမဦးစီးဌာန | | | | ၀. ၈၉၂ | | | | | | | ၀. ၈၉၂ |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၀. ၈၅၀ | | | | | | | ၀. ၈၅၀ |
| ၇ | | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၎င်း | | | ၃. ၈၂၃ | | | | | | | ၃. ၈၂၃ |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၃. ၈၂၃ | | | | | | | ၃. ၈၂၃ |
| ၈ | | မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး | ၎င်း | | | ၀. ၂၅၀ | | | | | | | ၀. ၂၅၀ |
| | ၁ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | ၀. ၂၅၀ | | | | | | | ၀. ၂၅၀ |
| ၉ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ | ၎င်း | | | ၀. ၃၁၅ | | | | | | | ၀. ၃၁၅ |
| | ၁ | သစ်တောဦးစီးဌာန | | | | ၀. ၃၁၅ | | | | | | | ၀. ၃၁၅ |
| ၁၀ | | အားကစား | ၎င်း | | | ၃. ၁၄၄ | | | | | | | ၃. ၁၄၄ |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | | | ၃. ၁၄၄ | | | | | | | ၃. ၁၄၄ |
| ၁၁ | | ဘဏ္ဍာရေး | ၎င်း | | | | | | ၁၂၂၂၅၂. ၃၃၂ | | | | ၁၂၂၂၅၂. ၃၃၂ |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | | | ၁၂၂၂၅၂. ၃၃၂ | | | | ၁၂၂၂၅၂. ၃၃၂ |
| ၁၂ | | ဆောက်လုပ်ရေး | ၎င်း | | | ၁၅. ၆၉၇ | | | | | | | ၁၅. ၆၉၇ |
| | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၁၃. ၆၉၇ | | | | | | | ၁၃. ၆၉၇ |
| | ၂ | လမ်းဦးစီးဌာန | | | | ၂. ၀၀၀ | | | | | | | ၂. ၀၀၀ |
| ၁၃ | | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | | | ၃၆၇. ၃၄၉ | | | | | | | ၃၆၇. ၃၄၉ |
| | | ပေါင်း | | ၂၂၂. ၈၁၇ | | ၃၉၄. ၄၀၆ | | | ၁၂၂၂၅၂. ၃၃၂ | | | | ၁၂၂၈၆၉. ၅၅၅ |

## ပြည်နယ်ဝန်ကြီးဌာနများ၊ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | | ပြည်ထဲရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၆၄၆၈. ၇၂၁ | | ၂၀. ၀၀၀ | ၆၅၂၁. ၈၇၄ | | | | ၁၃၀၁၀. ၅၉၅ |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၅၃၁၀. ၇၇၁ | | ၂၀. ၀၀၀ | ၂၅၃၁. ၂၀၅ | | | | ၇၈၆၁. ၉၇၆ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၃၀၁. ၄၅၉ | | | ၁၉၅. ၉၃၄ | | | | ၄၉၇. ၃၉၃ |
| | ၃ | မီးသတ်ဦးစီးဌာန | | ၈၅၆. ၄၉၁ | | | ၃၇၉၄. ၇၃၅ | | | | ၄၆၅၁. ၂၂၆ |
| ၂ | | မြန်ကြားရေး | ၎င်း | ၈. ၉၉၂ | | | | | | | ၈. ၉၉၂ |
| | ၁ | မြန်မာ့ရုပ်ရှင်မြင့်တင်ရေးဦးစီးဌာန | | ၈. ၉၉၂ | | | | | | | ၈. ၉၉၂ |
| ၃ | | သမဝါယမ | ၎င်း | ၈၈၀. ၀၉၂ | | | ၉၈. ၀၇၇ | | | | ၉၇၈. ၁၆၉ |
| | ၁ | သမဝါယမဦးစီးဌာန | | ၇၅၇. ၃၄၇ | | | ၃၀. ၈၁၇ | | | | ၇၈၈. ၁၆၄ |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၁၂၂. ၇၄၅ | | | ၆၇. ၂၆၀ | | | | ၁၉၀. ၀၀၅ |
| ၄ | | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၎င်း | ၁၇၃၇. ၈၆၈ | | | ၂၃၀. ၃၆၀ | | | | ၁၉၆၈. ၂၂၈ |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၁၇၃၇. ၈၆၈ | | | ၂၃၀. ၃၆၀ | | | | ၁၉၆၈. ၂၂၈ |
| ၅ | | မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး | ၎င်း | ၅၃၄. ၈၂၈ | | | ၄၇၄. ၉၀၀ | | | | ၁၀၀၉. ၇၂၈ |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၂၀၇. ၄၁၆ | | | ၃၆၄. ၉၀၀ | | | | ၅၇၂. ၃၁၆ |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၃၂၇. ၄၁၂ | | | ၁၁၀. ၀၀၀ | | | | ၄၃၇. ၄၁၂ |
| ၆ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ | ၎င်း | ၁၁၄၆. ၄၈၅ | | | ၁၂၄. ၅၉၀ | | | | ၁၂၇၁. ၀၇၅ |
| | ၁ | သစ်တောဦးစီးဌာန | | ၁၁၄၆. ၄၈၅ | | | ၁၂၄. ၅၉၀ | | | | ၁၂၇၁. ၀၇၅ |
| ၇ | | အားကစား | ၎င်း | ၃၄၂. ၂၆၄ | | | ၁၁၆၄. ၉၅၅ | | | | ၁၅၀၇. ၂၁၉ |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၃၄၂. ၂၆၄ | | | ၁၁၆၄. ၉၅၅ | | | | ၁၅၀၇. ၂၁၉ |
| ၈ | | ဘဏ္ဍာရေး | ၎င်း | ၁၀၀. ၇၆၈ | | | ၃၉၈. ၆၇၅ | | | | ၄၉၉. ၄၄၃ |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၁၀၀. ၇၆၈ | | | ၃၉၈. ၆၇၅ | | | | ၄၉၉. ၄၄၃ |
| ၉ | | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | ၅၁၀. ၉၇၂ | | | ၂၉၅. ၃၀၀ | | | | ၈၀၆. ၂၇၂ |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၅၁၀. ၉၇၂ | | | ၂၉၅. ၃၀၀ | | | | ၈၀၆. ၂၇၂ |
| ၁၀ | | ဆောက်လုပ်ရေး | ၎င်း | ၁၈၃၄၀. ၂၅၂ | | | ၆၆၀၉၅. ၇၂၁ | | | | ၈၄၄၃၅. ၉၇၃ |
| | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၂၂၆. ၁၇၈ | | | ၉၁၇. ၇၀၀ | | | | ၁၁၄၃. ၈၇၈ |
| | ၂ | လမ်းဦးစီးဌာန | | ၁၈၁၁၄. ၀၇၄ | | | ၆၅၁၇၈. ၀၂၁ | | | | ၈၃၂၉၂. ၀၉၅ |
| ၁၁ | | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၆၃၀. ၄၈၈ | | | ၃၅၈၃. ၂၂၁ | | | | ၄၂၁၃. ၇၀၉ |
| | | ပေါင်း | | ၃၀၇၀၁. ၇၃၀ | | ၂၀. ၀၀၀ | ၇၈၉၈၈. ၆၇၃ | | | | ၁၀၉၇၁၀. ၄၀၃ |

## ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၅)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | | **လျှပ်စစ်စွမ်းအား** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | **၈၂,၈၁၇** | | | **၁၈၆၁,၃၄၀** | | | | **၁၉၄၄,၁၅၇** |
| | ၁ | လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၈၂,၈၁၇ | | | ၁၈၆၁,၃၄၀ | | | | ၁၉၄၄,၁၅၇ |
| | | ပေါင်း | | ၈၂,၈၁၇ | | | ၁၈၆၁,၃၄၀ | | | | ၁၉၄၄,၁၅၇ |